# ညီအစ်ကိုအပေါင်းတို့

ဘာလုပ်နေကြသလဲ၊ ဘာကြောက်သလဲ၊ ဘာစဉ်းစားနေသလဲ၊ ဘာတွေဝေနေသလဲ၊ ကမ္ဘာ့အရေးတော်ပုံကြီးကို မသိကြသလော၊ ကမ္ဘာ့အပြောင်းအလဲကြီးကို မရိပ်မိကြသလော၊ ငါတို့ လူမျိုး တန်ခိုးကြီးဘို့အချိန်ရောက်လာပြီ မဟုတ်လော၊ ငါတို့ အလှည့်တလှည့်ပေါ်လာသည်ကို၊ ငါတို့သင်တို့ငေးကြည့်နေကြမလား၊ ယနေ့သည်ကား-ဂဠုန်နေ့၊ နက်ဖန်သည်လည်း-ဂဠုန်နေ့၊ ယခုလသည်-ဂဠုန်လ၊ နွေလသည်-ဂဠုန်လ၊ ယခုနှစ်သည် ဂဠုန်နှစ်၊ ရှေ့နှစ်သည်လည်း-ဂဠုန်နှစ်၊ ဗမာနိုင်ငံတဝှမ်းလုံးရှိဗမာတိုင်းသည်-ဂဠုန်၊ အရပ်တိုင်းသည်-ဂဠုန်ရပ်၊ ရွာတိုင်းသည်-ဂဠုန်ရွာ၊ မြို့တိုင်းသည်-ဂဠုန်မြို့၊ ဗမာနိုင်ငံတော်ကြီးသည်-ဂဠုန်နိုင်ငံ၊ ဗမာပြည်ကြီးကို ဂဠုန်မင်းစိုးရမည်၊

ထကြလော့၊ ကြွကြလော့၊ ယနေ့ပင်သွားညှိကြလော့၊ ယနေ့ပင်ဂဠုန်တပ်ဖွဲ့စည်းကြလော့၊

ဂဠုန်တပ်ရည်ရွယ်ချက်နှင့်စည်းမျဉ်း ဥပဒေကို ဖတ်ကြည့်ပါ။

9858—1

# ဂဠုန်တပ်များ ဖွဲ့စည်းကြလော့

## ညီအစ်ကိုအပေါင်းတို့

**ထကြလော့။ ကြွကြလော့။ အရေးကြီးလာပြီ။ သွေးနိုးကြလော့။**

ယနေ့သည်ကား၊ မြန်မာနိုင်ငံတော် တခွင်လုံး၌၊ မြို့တိုင်း၊ ရွာတိုင်း၊ အရပ်တိုင်း၌၊ ဂဠုန်တပ်တော်သားများ စုဆောင်းလျက်၊ ဂဠုန်တပ်များ အမြန်ဆုံးဖွဲ့စည်းတည်ထောင်ကြရန်တိုက်တွန်းသို့ ဆော်သော၊ ဂဠုန်နေ့ပင် ဖြစ်ပေသတည်း။

# ဂဠုန်တပ်၏ရည်ရွယ်ချက်

ဂဠုန်တပ်ဖွဲ့စည်းခြင်း၏ရည်ရွယ်ချက်မှာ—

(၁) မြန်မာနိုင်ငံတဝှမ်းလုံးရှိ လူငယ် လူလတ် အပေါင်းတို့။ တစည်း တလုံးတည်း ဖြစ်ရန်ပေါင်းသင်းဆက်ဆံရေး။

(၂) အကျင့်စာရိတ္တကောင်းမွန်ရေး၊

(၃) ကိုယ်လက် ကျန်းမာသန်စွမ်းရေး။

(၄) မိမိကိုယ်-မိမိကာကွယ်သည်က အစပြု၍။ မိမိမြို့ရွာ, မိမိနိုင်ငံကို ကာကွယ်ရန်အထိ၊ လိုအပ်သော အတတ်ပညာများကို သင်ကြားလေ့ကျင့်ကြရေး၊

အကျဉ်းချုပ်မှာ၊ မြန်မာလူမျိုးတိုင်း ကိုယ်စီ-ကိုယ်ငှ အမျိုးကောင်းသားယောကျ်ား။ ထူးချွန်သောအာဇာနည်ပုဂ္ဂိုလ်များဖြစ်ထွန်းလာရန်ရည်ရွယ်၏၊

## မြန်မာလူမျိုး၏အဓိပ္ပါယ်

ရှမ်း၊ ကရင်၊ကချင်၊ တောင်သူ၊ ရခိုင်၊တလိုင်းမှစ၍၊ မြန်မာတိုင်းရင်းသား-တိုင်းရင်းသူ ဟူသမျှ၊ "မြန်မာလူမျိုး" ချည်းဖြစ်ကြ၏၊ သို့ကြောင့် တိုင်းရင်းသား-တိုင်းရင်းသူမှန်သမျှ၊ ဂဠုန်တပ်တွင်ပါဝင်နိုင်ခွင့်ရှိ၏။ တိုင်းရင်းသား-တိုင်းရင်းသူအချင်းချင်း၊ လူမျိုးခွဲခြားခြင်း မရှိစေဘဲ၊ ညီအစ်ကိုအရင်းအချာကဲ့သို့ ချစ်ခင်ကြလျက်၊ အားလုံးဂဠုန်တပ်တွင် ပါဝင်ကြစေလိုပါ၏၊ အားပေးကြစေလိုပါ၏၊

## မြန်မာသူရဲကောင်းများ

အနောက်တိုင်းသား ဗြိတိသျှ (အင်္ဂလိပ်)လူမျိုးများ၊ ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ကိုသက်ရသိမ်းပိုက်၍၊ အုပ်စိုးခဲ့သည့်နှစ်ပေါင်း ၁၀၀ လောက်အတွင်း၊ မြန်မာတို့မှာ လူမျိုးခြားတို့၏ကျွန်စာရင်း၌နစ်မွန်း၍၊ ကျွန်စိတ်တွေမွန်၊ ကြောက်စိတ်တွေ ပွါးလျက်၊(ငါတို့လူမျိုး ဘယ်တော့မှ နလံမထူနိုင်တော့ပါဘူး)ဟု၊ စိတ်ကိုဒုံးဒုံးချရမလောက် နုံချာသော အခြေ ရောက်နေ ကြပြီ ဖြစ်သော်လည်း၊ ကျွန်ုပ်တို့ ရာဇဝင်ကို ကျွန်ုပ်တို့ပြန်လည် ကြည့်လိုက်လျှင်၊ အထက် အောက် မြန်မာ နိုင်ငံတော်တလျှောက်၌၊ မြန်မာသူရဲကောင်းတို့၏ သင်းချိုင်း၊ မြန်မာသူရဲကောင်းတို့၏ အရိုးတွေ၊ လက်ညှိုးထိုး မလွဲနိုင် လောက်အောင် များပြားသည်ကို တွေ့သိ-သတိ ရကြပေလိမ့်မည်။ သူရဲ

ကောင်းအာဗာနည်များမှ ဆင်းသက် ပေါက်ဖွါးလာသော ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ၊ နိုင်ငံနှင့်အမျိုးအတွက်အသက်ကိုစွန့်ရသည်အထိ၊ ဇာတိသွေး-ဇာတိမာန် တက်ကြွစေရန်၊သို့ ဆော်ပေးဘို့ ခဲယဉ်းခဲ့သည် မဟုတ်သည်ကိုသိနိုင်ပြီးအတိုင်း၊ ရဲသွေး-ရဲစိတ်-ရဲမာန် တို့ တက်ကြွထျွက်ရှိသော ခေတ်ကာလလူငယ်,လူလတ်,တက်လူများကို၊တစည်းတလုံးတည်း စုပေါင်းမိအောင် ကြိုးစားလိုသည့်အတွက်လည်း၊ ဂဠုန်တပ်များကိုဖွဲ့စည်းခြင်း ဖြစ်ပါကြောင်း။

ဤတွင်မြန်မာပြည်၌-လူဦးရေ ၁၄ သန်းကျော် အနက်မြန်မာလူလတ်လူငယ်ပေါင်း ၁၀သိန်းခန့်ရှိရာ၊ဂဠုန်တပ်သားပေါင်း တသိန်း (၁၀၀၀၀၀) စုရုံး စည်းသုံးမိရန်မခဲယဉ်းတန်ရာ၊ ၊ဂဠုန်တပ်သားပေါင်း တသိန်း (၁၀၀၀၀၀)စုမိသောနေ့၌၊ ဂဠုန်တပ်ကြီးသည်၊ မြန်မာနိုင်ငံတော်၏အားထားရာဖြစ်လာရမည်။

ညီအစ်ကို အပေါင်းတို့-သတြလော့၊ ကြွကြလော့၊ ဂဠုန်တပ်များ အမြန်ဆုံးဖွဲ့ကြလော့၊ အခါရေးကြီးလာပြီ၊ သွေးနိုးကြလော့၊

# ဂဠုန်တပ်လမ်းညွှန်(၁)

ဂဠုန်တပ်ဖွဲ့စည်းလိုသူတို့ စတင်ဆောင်ရွက်ရန်မှာမိမိတို့မြို့ရွာရပ်ကွက်၌-အသက် ၁၆ နှစ်နှင့် ၁၆ နှစ် အထက်ရှိသူတို့၏ ကိုယ်တိုင်၊ လက်မှတ်များကို ယူ၍၊ ရန်ကုန်မြို့-ဂဠုန်တပ် ဗဟိုရုံးသို့ပေးပို့ကြရန် ဖြစ်


ပါသည်၊ ဂျုနှိတပ်သားဗိုလ်မှူးတို့ ဝတ်ဆင်ရန်အဝတ် ပုံစံများကို၊- သီးခြားဘော်ပြပါမည်၊

# ဂျုနှိတပ်၏လုပ်ငန်းအစီအစဉ်

(၁) ဂျုနှိတပ်သား ဗိုလ်မှူးများအား၊ လေယာဉ်ပျံ မောင်းသည့်အတတ်ပညာ သင်ကြားပေးရန်နှင့်၊ ဂျုနှိ တပ်အတွက် အသုံးပြုရန်လေယာဉ်ပျံနှင့် ရေယာဉ်ပျံတ စင်းစီဝယ်ရန်၊ အင်္ဂလန်၊ဂျာမနီ၊အီတလီ၊ဂျာပန်၊အဘိုး ချိုသောနိုင်ငံများမှဝယ်ယူမည်၊

(၂) ရန်ကုန်မြို့၌ဂျုနှိတပ်ဗိုလ်မှူးများ ဗိုလ်ချုပ်များ ဗိုလ်များကို၊ လိုအပ်သော အတတ်ပညာများ သင်ကြား ပေးရန်၊ကျောင်းတကျောင်းဖွင့်မည်၊

(၃) အင်္ဂလန်မှဖြစ်စေ၊ဂျာမနီ၊အီတလီ၊ဂျာပန် နိုင်ငံ တို့မှဖြစ်စေ၊ဂျုနှိတပ်ဗိုလ်မှူးများဗိုလ်ချုပ်များဗိုလ်များ ကိုသင်ကြားပေးဘို့၊ စစ်ဗိုလ်များကို ငှါးရမ်းခေါ်ယူရန်၊ လစာငွေနဲ့နဲ့နှင့်လုပ်ကိုင်နိုင်သူကိုငှါးမည်၊



၁၃၀၀-ပြည့်နှစ်၊နယုန်လပြည့်
တနင်္ဂနွေနေ့-နေ့လည်၁၂နာရီ၊

ဂျုနှိတပ်နှင့်ပတ်သက်၍၊ စာပေးစာယူလုပ်ရန်လိပ်၊
"ဂျုနှိတပ်ဗဟိုရုံးဌာနချုပ်"
၁၇၄-ကာလဘတ်လမ်း၊ရန်ကုန်မြို့၊

# ဂဠုန်တပ် စည်းမျဉ်းဥပဒေ

## (ရည်ရွယ်ချက်များ)

ဂဠုန်တပ်ဖွဲ့စည်းရခြင်းအကြောင်းရင်းနှင့်ပတ်သက်၍ဂဠုန်တပ်စစ်သူကြီးက အဓိက ရည်ရွယ်ချက်များကို ထုတ်ဖော်ပြဆိုခဲ့လေပြီ။ ဂဠုန်တပ်၏ရည်ရွယ်ချက်မှာ။ မြန်မာလူမျိုးများ ကျန်းမာ သန်စွမ်းသော ယောက်ျားကောင်းအာဇာနည်များဖြစ်လာစေရန်နှင့်ဂဠုန်တပ်တော်သားများ နှစ်သက်ရာလုပ်ငန်း အစီအစဉ် အတိုင်း လုပ်ဆောင်သွားနိုင်ရန်ဖြစ်လေသည်၊

### ဥပဒေတည်သောကာလအပိုင်းအခြား

ဤဥပဒေမှာ အနှစ် ၂၀ တည်စေရမည်။ထိုနှစ်အပိုင်းအခြား ကုန်လွန်သည့်အခါ၊ ဂဠုန်တပ်အတိုင်ပင်ခံအဖွဲ့ဝင်များဗိုလ်မှူးကြီး,ဗိုလ်မှူး,ဗိုလ်ချုပ်ဗိုလ်များနှင့်တပ်ဒရုပ်များ၊ စီရင်စုနယ်များမှ ဂဠုန်တပ်ကိုယ်စားလှယ်တို့၏ ညီလာခံသဘင်ကြီးတွင်။ ဂဠုန်တပ်စစ်သူကြီးကို ရွေးချယ်ရန်။သက်ရှိဂဠုန်တပ် စစ်သူကြီးက ဦးဆောင်ရွက်ရသည်။

### ဂဠုန်တပ်စစ်သူကြီး

ဂဠုန်တပ် စစ်သူကြီးအဖြစ်ဖြင့်၊ သူရိယသတင်းစာတိုက်အယ်ဒီတာချုပ် ဂဠုန်ဦးစောက အမှုထမ်းပေလိမ့်

မည်။ စစ်သူကြီးသည်ရာထူးသက်ရှိဖြစ်စဉ်ကာလအတော အတွင်း၊ မိမိယုံကြည်လွဲအပ်နိုင်သူကို မိမိရိုင်းဖြတ်သော အချိန်ကာလ အတွင်း၊ မိမိကိုယ်စား ဂျူနီတပ်ကြီးကို ခုင်ချုပ်စီမံ ဆောင်ရွက်ရန် ခန့်အပ်နိုင်ခြင်းရှိစေရမည်။

## ဂျူနီတပ် အတိုင်ပင်ခံအဖွဲ့

ဂျူနီတပ်စစ်သူကြီးသည်၊ မိမိတာဝန် ဝတ္တရားများကိုထမ်းဆောင်ရာတွင်၊ သုံးဦးထက်မနည်း ပါဝင်သော ဂျူနီတပ်အတိုင်ပင်ခံအဖွဲ့-ဖွဲ့စည်း၍၊ ၎င်းအဖွဲ့၏အကူ အညီကို အကြောင်းကိစ္စ အားလျော်စွာ တောင်းဆိုလိမ့်မည်။ ၎င်းပုဂ္ဂိုလ်တို့သည်၊ ၅ နှစ် အမှု ထမ်းရန် ဖြစ်သည်။ ၅ နှစ်ကာ ကျော်သောအခါ၊ ၎င်းတို့အား ပြန်၍ ခန့်နိုင်ခွင့် ရှိသည်။ ရာထူးမှ နုတ်ထွက်လိုသည့် အခါ၊ ၎င်းတို့သည် ၂၄ နာရီကြို၍ အကြောင်းကြား ချင်၊ နုတ်ထွက်နိုင်ခွင့်ရှိစေရမည်။ အတိုင်ပင်ခံအဖွဲ့တွင် ဂျူနီတပ်သားများသော်၎င်း၊ ဂျူနီတပ်သားမဟုတ်သူ များသော်၎င်း၊ ပါရှိပေလိမ့်မည်။ အတိုင်ပင်ခံအဖွဲ့သည် ၎င်းတို့အား၊ ဂျူနီ စစ်သူကြီးက၊ ညွှန်ကြားသော အကြောင်းအရာများနှင့်ပါတ်သက်၍၊ ဂျူနီတပ်စစ်သူကြီး အားအကြံပေးရန်ဖြစ်သည်။ ဂျူနီတပ်စစ်သူကြီးကိုယ် တိုင်သော်၎င်း၊ ၎င်း၏လွှဲအပ်ခြင်းခံရသူ တဦး ကသော် ၎င်း၊ အတိုင်ပင်ခံအဖွဲ့ အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဖြင့်ဆောင်ရွက်စေလိမ့်မည်။

## ဂဠုန်တပ်စစ်သူကြီး ကျမ်းသစ္စာကျိန်ဆိုရမည်

ဂဠုန်တပ်ကြီးဘွဲ့စည်းကြောင်းကြေးကြော်ပြီးနောက် ဂဠုန်တပ် စစ်သူကြီးက အောက်ပါအတိုင်း သစ္စာကျိန် ဆို၍ အတိုင်ပင်ခံအဘွဲ့က ညွှန်ကြားသည့်အတိုင်း သစ္စာ ရေသောက်ရမည်။

( ၁ ) ကျွန်ုပ် မောင်စောသည် ဂဠုန်တပ်၏ စစ်သူကြီး တာဝန် ဝတ္တရားကို ထမ်းဆောင်ရာတွင်ကျွန်ုပ်၏ကိုယ်ကျိုးကိုသ်စီးပွါးအတွက် လုပ်ဆောင်မည် မဟုတ်ကြောင်းကိုသစ္စာပြုပါသည်။

( ၂ ) ကျွန်ုပ် မောင်စောသည် ဂဠုန် တပ်ကြီး- ကြီးပွါးရာ ကြီးပွါးကြောင်း အတွက်-ကောက်ခံရရှိသောငွေကိုကျွန်ုပ်၏ ကိုယ်ကျိုး အတွက် သော်၎င်း၊ ၊လူတဦး တယောက်၏ကိုယ်ကျိုးအတွက် သော်၎င်း၊ သုံးစွဲခြင်း မပြုပါ၊ အကယ်၍သုံးစွဲခဲ့ပါသျှင်၊ကျွန်ုပ်သည်မဟာအဝိစိငရဲသို့ လားပါစေ သတည်းဟု သစ္စာပြုပါသည်။

( ၃ ) ကျွန်ုပ် မောင်စော သည် ဂဠုန်တပ် စစ်သူကြီး အဖြစ် အမှုတော်ကို ထမ်းဆောင်ရာတွင်- ရိုသေကြိုးနွဲ့ ရဲရင့်စွန့်စားစွာ ထမ်းဆောင် ပါမည်ဟု သစ္စာပြုပါသည်။

## ရာထူးခန့်ထားခြင်း

ဂဠုန်ဘဝတွင် -ဗိုလ်မှူးကြီး-ဗိုလ်မှူး-ဗိုလ်ချုပ်-ဗိုလ် ရာထူးများကို ဂဠုန်တပ် စစ်သူကြီး၏ အမိန့်စာချွန်ဖြင့် ကိုယ်တိုင် လက်မှတ်ထိုး ခန့်ထားစေရမည်၊ ဂဠုန်တပ် ဗိုလ်များသည်၊ ရာထူးခန့်ထားခြင်းခံရပြီးနောက် ဂဠုန် တပ် စစ်သူကြီးက ညွှန်ကြားချက်အရ- အောက်ပါအ တိုင်းသစ္စာပြု၍သစ္စာရေသောက်ရမည်။

( ၁ ) ကျွန်ုပ် ..... သည် ဂဠုန်တပ် စစ်သူ ကြီးသစ္စာကို တသွေမတိမ်းခံယူပါမည် ဟုသစ္စာပြုပါသည်၊

( ၂ ) ကျွန်ုပ်........သည် ဂဠုန်တပ်တွင် အမှု ထမ်းရွက်နေသမျှကျွန်ုပ်ထက်ရာထူးကြီး သူများ၏သစ္စာတော်ကို ရိုသေကြီးစွာ ခံယူပါမည်ဟုသစ္စာပြုပါသည်၊

( ၃ ) ကျွန်ုပ်......သည် ဂဠုန်တပ်၏ ရည် ရွယ်ချက်များကိုဘတ်ကြားသိနားလည် ပြီးဖြစ်သဖြင့် ထိုရည်ရွယ်ချက်များနှင့် ကျူးလွန် နှိမ့်ကျကြောင်း-ပျက်စီးရာ-ပျက် စီးကြောင်းများကို မလုပ်ပါဟု- သစ္စာ ပြုပါသည်၊

( ၄ ) ကျွန်ုပ်......သည်ကျွန်ုပ်၏အထက်အ ရာရှိဗိုလ်များ၏အမိန့်တော်ကိုတစုံတရာ တော်လှန်ခြင်းမပြုဘဲနာခံပါမည်ဟုသစ္စာ ပြုပါသည်၊

၅) ကျွန်ုပ်.... သည် ဂဠုန် တပ်သားများ လိုက်နာရန်-ဂဠုန်တပ် ဥပဒေစည်းမျဉ်း များကို ဘတ်ကြားနားလည်ပြီး ဖြစ်သ ဖြင့်၊ ၎င်းဥပဒေစည်းမျဉ်းများနှင့် ၎င်း စည်းမျဉ်းဥပဒေအရထုတ်ဝေသောအမိန့် စည်းကမ်းများကို တသွေမတိမ်း ရိုသေ ကြိုးနွံစွာ ဝိရိယစိုက်ထုတ်၍ လိုက်နာပါ မည်ဟုသစ္စာပြုပါသည်။

## တိုင်းပြည်နှင့်သက်ဆိုင်သောရွေးကောက်ပွဲများ

ဂဠုန်တပ်စစ်သူကြီး၊ ဂဠုန်တပ်ဗိုလ်မှူးကြီး၊ ဗိုလ်မှူး၊ ဗိုလ်ချုပ်၊ဗိုလ်၊ တပ်အုပ်နှင့်တပ်သား မည်သူမဆို၊တိုင်း ပြည်မြို့ရွာနယ်ပယ်နှင့်သက်ဆိုင်သောရွေးကောက်ပွဲများ တွင်-သာမန်အခွန်ထမ်း တဦးတယောက် အနေဖြင့်၊ ဝင် ရောက်အရွေးခံနိုင်ခွင့် ရှိသော်လည်း၊ ဂဠုန်တပ်မကြီး၏ သို့မဟုတ်တပ်ခွဲများ၏ကိုယ်စားလှယ်အဖြစ်၊ မည်သူကို မျှ တင်မြှောက်အားပေးခြင်းမပြုရ။ ဂဠုန်တပ်စစ်သူကြီး ကိုယ်တိုင်လည်း ဂဠုန်တပ်မတော်ကြီးကို အသုံးပြု၍၊ ရွေးကောက်ပွဲများတွင် မဝင်စေရ၊

## ဂဠုန်တပ်ခွဲများ

ဂဠုန်တပ်စစ်သူကြီးက၊ ဂဠုန်တပ်နှင့် တပ်ခွဲများစီမံ အုပ်ချုပ် ခန့်ခွဲမှုနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အမိန့် တစုံ တရာမထုတ်ဝေသေးမီ အောက်ပါစီမံချက်များ တည်စေ ရမည်။

ရွာတိုင်း,မြို့တိုင်းလျှင်-ဂဠုန်တပ်တတပ်၊ သို့မဟုတ် တတပ်ထက်ပိုရှိ၍ဖြစ်စေ၊ ဘွဲ့စည်းတည်ထောင်နိုင် ခွင့် ရှိစေရမည်၊မြို့တိုင်း,ရွာတိုင်း၌ ဂဠုန်တပ်ခွဲ တတပ်ဘွဲ့ စည်း တည်ထောင် နိုင်ရန်။ လူပေါင်း-၁၅-ယောက် စုဆောင်းနိုင်လျှင်၊ တပ်ခွဲတတပ်ဘွဲ့စည်း နိုင်စေရမည်။ ဂဠုန်တပ် စီမံအုပ်ချုပ်မှုအတွက်၊ ဂဠုန်တပ်စီရင်စုများ ရှိစေရမည်၊ ဂဠုန်တပ် စစ်သူကြီးက ပြင်ဆင်ချက်အမိန့် မထုတ်သေးမီ၊ ဂဠုန်တပ် စီရင်စုများမှာ လက်ရှိအစိုးရ ခန့်ခွဲထားသော စီရင်စုများနှင့် ထပ်တူထပ်မျှ ဖြစ်စေရ မည်။ ဂဠုန်စီရင်စုအတွင်း တပ်ခွဲများကို အုပ်ချုပ်ရ သောဗိုလ်များမှာ၊ဂဠုန်တပ် စစ်သူကြီး၏ခန့်အပ်ခြင်းခံရ သောစီရင်စုကို အုပ်ချုပ်ရသည့်ဗိုလ်မှူးများ၏ တိုက်ရိုက် လက်အောက်ခံ ဖြစ်စေရမည်။

စီရင်စုနယ်ဗိုလ်မှူးများအပေါ်တွင် အုပ်ချုပ်ရန်-စီရင် ရုနယ်ဗိုလ်မှူးထက်ကြီး၍၊ ဗိုလ်မှူးကြီး ခန့်ထားစေလိမ့် မည်။၎င်းကဲ့သို့ စီရင်စုဗိုလ်မှူး မရှိသော နယ်ပယ်များမှ တပ်များကို၊ ဗိုလ်မှူးကြီး မခန့်ရသေးလျှင် ဂဠုန်တပ်စစ် သူကြီးကိုယ်တိုင် တိုက်ရိုက် အုပ်ချုပ်စေရမည်။ အခြား ရာထူးရာခံများနှင့်၊ အမိန့်အမြင့် အတန်းများကို၊ဂဠုန် တပ် စစ်သူကြီးက အချိန်ကာလအားလျော်စွာ ကြေညာ သည့်အတိုင်းအတည်ဖြစ်စေရမည်၊မြို့ရွာ စီရင်စုနယ်နှင့် အခြား ဂဠုန်တပ်သားများသည်၊ ၎င်းတို့အားဂဠုန်တပ် စစ်သူကြီးက၊အချိန်ကာလအားလျော်စွာ ညွှန်ကြားသည့် အတိုင်းရွက်ဆောင်ရမည်၊

## ဂန္ထုန်တပ်သားများ

ဂန္ထုန်တပ်ဘွဲ့စည်းလိုသူများသည်။ ဂန္ထုန်တင်သို့ဝင်လိုသူ တင်သားများကို ရှာဖွေ၍ တပ်ဘွဲ့စည်းပြီး သကာလဂန္ထုန်တပ်၏စစ်သူကြီးထံသို့ အသိအမှတ်ပြုရန် တောင်းဆိုရမည်။ မည်သည့် မြန်မာတိုင်းရင်းသားဖြစ်စေ။ သို့မဟုတ် မြန်မာသွေးပါ၍ မြန်မာဟု မိမိကိုယ်ကို အသိအမှတ် ပြုထားသော မြန်မာတိုင်းရင်းသား ဖြစ်စေ။ ဂန္ထုန်တပ်တွင် ဝင်နိုင်ခွင့်ရှိသည်။ ဝင်ခွင့်ကို တောင်းဆိုပါက။ ဗိုလ်ကရင်း။ဗိုလ်ချုပ်ကရင်း၊ ဝင်ခွင့်ပြုနိုင်သည်၊ သို့သော်စီရင်စုဗိုလ်မှူးကရင်း။ စီရင်စုဗိုလ်မှူးမခန့်ရသေးလျှင်-ဗိုလ်မှူးကြီးကရင်း၊ ဗိုလ်မှူးကြီး မခန့်ရသေးလျှင်၊ ဂန္ထုန်တပ် စစ်သူကြီးကရင်း၊ အတည်ပြုမှသာ ဂန္ထုန်တပ်သားများ ဖြစ်စေရမည်၊ ဤကဲ့သို့ ဂန္ထုန် တပ်သို့ဝင်သူတိုင်း ဇထက်ပါ ဘော်ပြထားသော စည်းကမ်းနည်းလမ်းအရ၊ ဂန္ထုန်တပ်စစ်သူကြီး၏ ညွှန်ကြားချက်အတိုင်း-သင်္ခါရေကျင်းသင်ရမည်၊

## အထူးကျင့်ဆိုရမည့်ကျမ်းသစ္စာ

အားလုံးသော ဂန္ထုန်တပ် ဗိုလ်များနှင့် ဂန္ထုန်တပ်သားများသည်၊ ဂန္ထုန်တပ်စစ်သူကြီးက ညွှန်ကြားပါမှ၊ အချိန်ကာလနှင့် အကြောင်းကိစ္စအားလျော်စွာ သစ္စာရေများကိုထပ်မံသောက်ရမည်၊

## ကျမ်းသစ္စာကျိန်ဆိုနည်း

ကျမ်းသစ္စာကျိန်ဆိုနည်းမှာ။ သက်ဆိုင်ရာ ကိစ္စနှင့်

စပ်လျဉ်း၍၊ ဂဠုန်တပ်စစ်သူကြီး ညွှန်ကြားသည့်အတိုင်း ကျိန်ဆိုရပေလိမ့်မည်။

## အစတ်အစားတံဆိပ်များနှင့်အခြား အသုံးအဆောင်များ

ဂဠုန်တပ်စစ်သူကြီးက၊ အတိုင်ပင်ခံအဖွဲ့နှင့် တိုင်ပင်ပြီးလျှင်-အမြန်စီမံစေရမည်၊

## အခသံ

ဂဠုန်တပ်စစ်သူကြီးက၊အတိုင်ပင်ခံအဖွဲ့နှင့်တိုင်ပင်ပြီးလျှင်၊ ဂဠုန်အလံတော်ကို အမြန်ဆုံး-ဆုံးဖြတ် လိမ့်မည်၊

## ဘဏ္ဍာခရေးစံနစ်

အပျော်ထမ်းအဖွဲ့ဖြစ်ရကား၊ အဝတ်အစားနှင့် အခြားအသုံးအဆောင်များကို၊ ဂဠုန်တပ်ရံပုံငွေမှ အားလုံးပေးလိမ့်မည်မဟုတ်၊

နိုင်ငံသူနိုင်ငံသားတို့၏ အားပေးမှုကိုထောက်ထား၍၎င်း၊တနိုင်ငံလုံးရှိ အမြို့မြို့ အရွာရွာမှ-ဂဠုန်တပ်သားများ၏ချမ်းသာဆင်းရဲအခြေအနေကိုထောက်ထား၍၎င်း၊ ၎င်းတို့၏အရည်အချင်း အင်အားတောင့်တင်းမှုကို ဆင်ခြင်၍၎င်း၊ မည်သည့် ဂဠုန်တပ် အတွက် ငွေမည်မျှထောက်ပံ့သင့်သည်ကိုဂဠုန်တပ်စစ်သူကြီးက ဆုံးဖြတ်ပြီးလျှင်၊ထိုငွေများကို ဂဠုန်တပ်ဗဟိုရုံးဌာနရံပုံငွေထဲမှ ထုတ်ပေးလိမ့်မည်။

## ဂဠုန်တပ်ရုံပုံငွေ

ကောက်ခံရရှိမည့် ဂဠုန်တပ် ရုံပုံငွေကို ထိမ်းသိမ်း စောင့်ရှောက်ရန်အတွက် ဂဠုန်တပ်စစ်သူကြီးက၊ အငြိမ်းနှင့်အချိန်အားလျော်စွာ၊ လူတဦးတယောက်ကိုသော်၎င်း၊ လူတစုကိုသော်၎င်း၊ ဘဏ္ဍာစည်းခန့်အပ် ဆောင်ရွက်စေစေလိမ့်မည်၊ ရုံပုံငွေကောက်ခံရေးနှင့်၎င်း၊ သုံးစွဲရေးနှင့် ၎င်းပတ်သက်၍ ဥပဒေများကို ဂဠုန် တပ်စစ်သူကြီးက သတ်မှတ်ပေးလိမ့်မည်၊

## စာရင်းစစ်

ဂဠုန်တပ်ရုံပုံငွေ ရငွေသုံးငွေ စာရင်းများကို၊ ဂဠုန် တပ်အတိုင်ပင်ခံအဘွဲ့က ခန့်အပ်သော အစိုးရလက်မှတ်ရ စာရင်းစစ်၊ သို့မဟုတ် စာရင်းစစ်များက စစ်ဆေးလိမ့်မည်၊ စာရင်းစစ်များ စစ်ဆေးပြီး တိုင်းပြည်သို့ အကြောင်းအားလျော်စွာ ကျေညာသွားလိမ့်မည်၊

## ဂဠုန်ဗိုလ်များကိုသင်ကြားပြသခြင်း

စီရင်စုနယ်ဆိုင်ရာ ဗိုလ်များကို အလှည့်ကျရွေးချယ်ပြီးလျှင် ဂဠုန်တပ်မကြီးသို့လာရောက်သင်ကြားခွင့်ကို ပေးလိမ့်မည်။၎င်းကဲ့သို့သင်ကြားရာတွင် - လေယာဉ်ပျံ ရေယာဉ်ပျံမောင်းသောအတတ်ကိုလည်းသင်ကြား၍ ပေးလိမ့်မည်။ လေယာဉ်ပျံ တစင်းနှင့် ရေယာဉ်ပျံ တစင်းကိုဂဠုန်တပ်ရုံပုံငွေနှင့်ဝယ်ပြီးလျှင် ဂဠုန်တပ် ဗိုလ်များ အတွက် ဖွင့်လှစ်မည့် (အပျော်သင်း)ဂဠုန်

စစ်ကျောင်း၏ အသုံးအဆောင် ပစ္စည်း အဖြစ်ဖြင့် ထားရှိသိမ်းမည်။

## ဂဠုန်တပ်-အဖွဲ့ချုပ်တည်ရာဌာနရုံး။

ဂဠုန် တပ်အဖွဲ့ချုပ်တည်ရာဌာနသည် -ချဉ်ကုန်းမြို့ တွင်ဖြစ်စေရမည်။

## အမိန့်စာချွန်များကိုအဘောဉ်ပြုခြင်း။

ဂဠုန်တပ်စစ်သူကြီးကို ကူညီရန် အပါးတော်မြဲ အတွင်းရေးမှူးတယောက်ကို ခန့်ထား လိမ့်မည်။ ဂဠုန် တပ်စစ်သူကြီး၏ကိုယ်စား အတွင်းရေးမှူးသည်၊ အမိန့် စာချွန်များတွင် လက်မှတ်များကို ရေးထိုးနိုင်ခွင့်ရှိစေရ မည်၊ ဂဠုန်တပ်စစ်သူကြီးက လွှဲအပ်ထားသော အခွင့် အာဏာကို၊ မရုပ်သိမ်းသမျှ ကာလပတ်လုံး။ ၎င်း၏ ကိုယ်စား- အတွင်း ရေးမှူး ထိုးသော လက်မှတ်ကို၊ ဂဠုန်တပ် စစ်သူကြီး၏ ကိုယ်တိုင်လက်မှတ်ဟူ၍မှတ် ယူရမည်။

## နုတ်ထွက်ခွင့်

မည်သည့် ဂဠုန် တပ်သားမဆို- ၂ ရက်ခန့်ကြိုတင်၍ အကြောင်းကြားထားလျှင် တပ်မှ နုတ်ထွက်ခွင့်ကိုရရှိစေ လိမ့်မည်။ ဗိုလ်လုပ်သူများမှာ ၎င်း၏နေရာတွင် ဆက်ခံ မည့်သူကို တတ်မြောက်အောင် သင်ကြားရန် အချိန်လုံ လောက်စွာပေးရမည်ဖြစ်သဖြင့်၊ နုတ်ထွက်လိုလျှင် ၃ လ ကြိုတင်၍အကြောင်းကြားရမည်။

## အရေးယူခွင့်

လက်အောက်ဗိုလ်များသည်၊ ဂဠုန်တပ်စစ်သူကြီးက အခွင့်အာဏာများ လွှဲအပ်ထားလျှင်-ထိုအာဏာများကို သုံးနိုင်ခွင့်ရှိစေရမည်၊ ဂဠုန်တပ်ဗိုလ်များအပေါ် စည်းကမ်းဥပဒေအရ အရေးယူအပြစ်ပေးလိုလျှင် ဂဠုန်တပ်စစ်သူကြီးထံမှ အမိန့် ရမှသာလျှင် ဗိုလ်ချုပ်၊ ဗိုလ်မှူး၊ ဗိုလ်မှူးကြီးတို့က အရေးယူနိုင်ခွင့်ရှိစေရမည်၊

ဂဠုန် တပ်သားများအပေါ်တွင် အရေးယူလို သောအခါ၊ ဂဠုန်တပ်စစ်သူကြီးက ညွှန်ကြားသည့်အတိုင်း၊ လိုက်နာဆောင်ရွက်၍ အရေးယူရမည်၊

## ဌာနအထွေထွေ

ဂဠုန်တပ်ဝါဒ ဖြန့်ပွါးရေးဌာန တခုနှင့် ဂဠုန်တပ် ဖြန့်ကြားရေးဌာနတခုကိုလည်း သီးသန့်ထားရှိလိမ့်မည်၊ ထိုပြင်အကြောင်းကိစ္စအားလျော်စွာ အခြား ဌာနများကိုလည်း၊ ဂဠုန်စစ်သူကြီးက၊ အခါ အခွင့်ကို ကြည့်ရှု ဆောက်ထား၍ဖွဲ့စည်းလိမ့်မည်၊

## ဥပဒေ-အဆုံးအဖြတ်

ဂဠုန်တပ် စည်းမျဉ်း ဥပဒေနှင့် သော်၎င်း၊ အမိန့် စာချွန်နှင့်သော်၎င်း၊ ညွှန်ကြားချက်များနှင့် သော်၎င်း၊ ပတ်သက်၍ အငြင်းအခုံဖြစ်လျှင်၊ ဂဠုန်တပ်စစ်သူကြီး ဆုံးဖြတ် ချက်သည်၊ အတည် ဖြစ်စေ ရမည်၊ ဤသို့ ဂဠုန်တပ်စစ်သူကြီး၏ အမိန့်သာလျှင် နောက်ဆုံး အတည် ဖြစ်စေရမည်ဟု-အထက်တွင် ဖော်ပြထားသော

9858—2

လည်း၊ ဂဠုန်တပ်စစ်သူကြီး၏ အမိန့်မကျသေးပါ၊ မည်သည့်ဂဠုန်တပ်သားမဆို၊ ရင်းအထက်ကဗိုလ်များ၏ အမိန့်ကို အစဉ်နာခံရမည်၊

## ဥပဒေပြုပြင်ခွင့်

ဂဠုန်စစ်သူကြီးသည်၊ ဂဠုန်တပ် ဥပဒေကို သင့်လျော်သည်ထင်ကပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်း၊ နုတ်ပယ်ခြင်းတို့ကိုအတိုင်ပင်ခံအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်း၍စီမံ ရွက်ဆောင်နိုင်ခွင့်ရှိသည်၊

## ရာထူးအဆင့်အတန်း

(၁) ဂဠုန်စစ်သူကြီး
(၂) ဂဠုန်ဗိုလ်မှူးကြီး
(၃) ဂဠုန်ဗိုလ်မှူး
(၄) ဂဠုန်ဗိုလ်ချုပ်
(၅) ဂဠုန်ဗိုလ်
(၆) ဂဠုန်တပ်အုပ်.
(၇) ဂဠုန်တပ်သား

## တပ်ဖွဲ့ပုံနှင့်ရာထူး

တပ်သား ၁၅ ယောက်ထက်မနည်း ၁၀၀ ထက်မများလျှင်တင်တတပ်ဖွဲ့နိုင်သည်၊တပ်သား ၁၀ ယောက်လျှင်တင်အုပ်တယောက်ရှိ၍၊ တတပ်လျှင် ဗိုလ်တယောက်သာရှိရမည်၊ မြို့တမြို့သို့မဟုတ်-ရွာတရွာတွင် တပ်တတပ်ထက် ပိုလာသော်-ထိုတပ်သားများ အားလုံး အ

ပေါ် အုပ်ချုပ်ရန် အတွက် ဗိုလ်ချုပ်တယောက် ရှိရမည်။ စီရင်စုတခုလုံး အတွက်၊ ဗိုလ်မှူးတယောက် ရှိရမည်။ တပြည်လုံး အတွက်၊ ဗိုလ်မှူးများ အပေါ် အုပ်ချုပ်ရန်၊ ဗိုလ်မှူးကြီးတဦး ရှိရမည်၊ ဂျွန်တပ်နှင့် ပတ်သက်သမျှတွင်။ ရာထူးအဆင့်အတန်း အမြင့်ဆုံးသော ပုဂ္ဂိုလ်ကား၊ စစ်သူကြီးပင်ဖြစ်ကြောင်း၊

---

ဂဠုန်တပ်ဖွဲ့စည်းရေးအတွက်

# ဂဠုန်စစ်သူကြီး၏နှိုးဆော်ချက်

──→ ←──

## တိုင်းသူပြည်သားညီအစ်ကိုများတို့

မြန်မာတိုင်းဖွားအမျိုးသားတို့သည်၊ သျှောကျဆုတ်ယုတ်လာခဲ့ကြရပြီတကား။ ကျွန်ုပ်တို့၏ ဇာတိသွေး-ဇာတိမာန်များသည်၊ အလွန်ယုတ်ညံ့ထိခိုက်ဖျင်းသောအခြေသို့တိုင်အောင်၊ လျှော့ဆင်း ဂုဏ်ကျိုး ခဲ့ကြရပြီတကား။ ဤသို့အားဖြင့် စဉ်းစား ဆင်ခြင်သော်၊ ရှိုက်ကြီးတငင် ဝမ်းနည်းဖွယ် ကောင်းလှသော်လည်း၊ အတိတ်, အနာဂါတ်, ပစ္စုပ္ပန်တည်းဟူသော ကာလသုံးပါးတို့မှာ၊ တခုနှင့်တခုတွဲဆက်ဖြေးယှက်ခါ၊ တည့်ရှေ့တက်ခြင်းကို ထောက်ခြင်းအားဖြင့်၊ လွန်ပြီး အတိတ်ကာလအကြောင်းကို၊ ပြန်ပြောင်းဖော်ထုတ်၊ ကောက်နှုတ် ဖော်ပြရမည် ဖြစ်ကြောင်း။

မြန်မာတည်းဟူသော လူမျိုးကို၊ အသစ်တဖန် ထူထောင်ရေးအတွက်၊ အမျိုးသားတိုင်း ပူးပေါင်းတွဲဆက် ဆောင်ရွက်ရန် လိုကြောင်းကို၎င်း။ ထိုရည်ရွယ်ချက်ထမြောက်အောင် ဆောင်ရွက်မည့် အစည်းအရုံး များသို့၊ အမျိုးသားတိုင်း ပါဝင်ကြဖို့ သန္နိဋ္ဌာန် ချထားရန်-လိုကြောင်းကို၎င်း။ နှိုးဆော် တိုက်တွန်းလိုက်ရပါကြောင်း။

ကျွန်ုပ်တို့၏တိုး-ဘွား-ဘီ-ဘင်များသည်၊ လက်နက်ကိုင်စွဲ၍စစ်တိုက်လာခဲ့သော လူမျိုးများဖြစ်၏။ ကျွန်ုပ်တို့မြန်မာပြည်ကိုဗြိတိသျှ (အင်္ဂလိပ်) အစိုးရတို့မသိမ်းယူမီအခါက၊ မြန်မာလူမျိုးများသည် လက်နက်ကိုင်စွဲလျက်စင်ထဲသို့လိုက်ရခြင်းအလုပ်ကိုထုံးတမ်းအစဉ်အလာကဲ့သို့မှတ်ယူခဲ့ကြ၏။ ကျွန်ုပ်တို့မှာအဆိုပါထုံးတမ်းကိုအစဉ်အလာသဘောအားဖြင့်ဆက်ခံလိုက်နာရမည့်လူများ ဖြစ်ကြ၏။ သို့ပါလျက်-ဗြိတိသျှ(အင်္ဂလိပ်)တို့ သိမ်းပိုက် ချက်ကြောင့်၊ ကျွန်ုပ်တို့၏ စစ်သွေး-စစ်စိတ်များသည်၊ ညှိုးအိပျော့ရွှေ၊ ဆုတ်ယုတ်ငုတ်ကွယ်ခဲ့ချေပြီတကား။

ဗြိတိသျှ(အင်္ဂလိပ်)အစိုးရတို့သည်၊ မြန်မာလူမျိုးများ၏စစ်သွေးစစ်စိတ်များ ပျောက်ပြယ်-ငုတ်ကွယ်သွားခြင်းကို တဖန် ပေါ်ပေါက်အောင် ပြုစုမျိုးထောင် ပေးခြင်းလည်းမရှိ၊ ပြုစုမျိုးထောင်ပေးလိမ့်မည်ဟု မြှော်လင့်ရန်လည်းမဖြစ်နိုင်ချေ။

ရှေးခေတ်အခါက၊ နိုင်ငံတော်တည်ထောင် ခဲ့သောလူများသည်၊ ကျွန်ုပ်တို့မြန်မာလူမျိုးများ၏ အလွန်အမင်းစွန့်စားတတ်ခြင်းနှင့် ဇာတိသွေး၊ ဇာတိမာန် ထက်သန်ခြင်းသဘောများကို အသိအမှတ်ပြု၍၊ လူတမျိုးလုံးကိုစစ်သားလူမျိုးဖြစ်အောင် ပိမိပန်တီးခဲ့ကြ၏၊ ကြွင်းကျန်ခဲ့သော ထက်ငုတ်လက်ရင်းများကို အခြေခံပြု၍၊ အသစ်တည်ထောင်ဘွဲ့စည်းရန်မတတ်နိုင်ခြင်းကြောင့်သော်၎င်း မြန်မာတို့၏နဂိုရှိအားဖြင့်ရဲရင့်သောသတ္တိကို အစိုးရကနေရာတကျအသုံးမချခဲ့သောကြောင့်သော်၎င်း၊ လူတမျိုး

လုံးမှာ၊ ဖရိုဖရဲကစင့်ကရဲ ကွဲလွဲပျက်ပြားၡ၍။ လူမျိုး၏ ကာယဗလ၊ ဉာဏဗလများသည်၊ ဆုတ်ယုတ်ညှိုးချင်း၊ ချွင်းယွင်းပျက်ပြယ်ခဲ့ချေပြီတကား၊

မြန်မာလူမျိုးများသည်။ မိမိတို့ကိုယ်ကို နှံချာစုပ်နှပ်သည်ဟူ အသိအမှတ်ပြုလာကြခြင်းကိုဖင်း။ နိုင်ငံရေးကိစ္စများတွင် တိုင်းပြည်အကျိုးထက်။ ကိုယ်ကျိုးရှာတတ်ကြခြင်းကိုဖင်း။ ထောက်ခြင်းအားဖြင့်၊ ဉာဏဗလ အရာမှာနှင့် မည်မျှလောက်ဆုတ်ယုတ်ညှိုးချင်းလာခဲ့ကြောင်း ထင်ရှားပေ၏။ ကာယဗလဘက်၌ဆုတ်ယုတ်လာခဲ့ပုံမှာမူ၊ ရောဂါအမျိုးမျိုးတို့ကြောင့်၊ နှစ်စဉ် လူဦးရေ အမြောက်အများသေကြ ပျက်စီးခြင်းအားဖြင့် ထင်ရှားပေရာ၊ ဤလူမျိုးသည် ကာလကြာမြင့်စွာတည်နေခြင်းငှါ စွမ်းနိုင်ပါမည်လောဟူ၍ပင် စိုးရိမ်ဘွယ်ရာ ရှိနေ၏။ ကျွန်ုပ်တို့လူမျိုးသည်-မည်မျှလောက် ဆုတ်ယုတ် ညှိုးချင်း လာကြပါသနည်းဆိုသော်။ ဗြိတိသျှ(အင်္ဂလိပ်)အစိုးရသည်၊ ဥရောပတိုက် အရှုပ်အထွေး စသော အရေးတစုံတခုကြောင့်။ မြန်မာပြည်ကို စွန့်လွှတ်ထွက်ခွါသွားခဲ့ကြပါမူ၊ မြန်မာလူမျိုးများသည်၊ အခြားသောအစိုးရများက ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်မည့်ဘေးရန်မှ၊ မိမိတို့ကိုယ်တိုင် ခုခံကာကွယ်နိုင်သော အစွမ်းသတ္တိ ရှိကြပါမည်လောဟုယုံမှားဘွယ်ရာရှိပေ၏၊

ကျွန်ုပ်၏လိုအင်ဆန္ဒနှင့်ကြံရွယ်ချက်မှာ၊ မြန်မာလူမျိုးများ၏ ကာယဗလနှင့် ဉာဏဗလများ တဖြည်းဖြည်းဆုတ်ယုတ်ညှိုးဖျင်းခြင်းကိုရပ်တန့်စေ၍၊ အထက်သို့ တ

မနိုလှုတက်လာမစေရန် ဖြစ်ပါကြောင်း။ ဤကိစ္စသည်-လူမျိုးနှင့်ချီ၍အရေးကြီးသော ကိစ္စဖြစ်နေရကား၊ တမျိုးတည်းစိမ်ကြရန် မတတ်နိုင်ခဲ့လျှင်။ မြန်မာတမျိုးလုံးသည်၊ အသူတရာနက်လှစွာသောချောက်ထဲသို့၊ ပစ်ချခြင်းကဲ့သို့ "စုံးစုံးမြုပ်" ၍တကွယ် ပျောက်ပျက်သွားကြရပေလိမ့်မည်၊


သို့ဖြစ်၍ ကျွန်ုပ်သည် ယနေ့မှစ၍၊ဂဠုန်အပျော်သင်း ပေါ်ဘွဲ့ စည်းလိုက်ရသည့်ဖြင့်၊ဂဠုန် တပ် စည်းကမ်း ဥပဒေများအရ၊ အမြို့မြို့အနယ်နယ်တို့၌လည်း ဂဠုန်တပ်များဘွဲ့စည်းတည်ထောင်ကြပါရန် အမျိုးသားအပေါင်းတို့အား တိုက်တွန်းလိုက်ရပါကြောင်း၊ ဂဠုန်တပ်စည်းကမ်းဥပဒေများကို ဤစာအုပ်အတွင်း၌သည့်သွင်းတော်ပြထားပါသည်။

များစွာသော မျိုးချစ် ပုဂ္ဂိုလ်တို့၏ ဝန်ခံချက်များနှင့် အားပေးချက်များကို ခံယူရရှိသည့်အလျှောက်၊ ဤကိစ္စကြီး ထမြောက် အောင်မြင်လိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါကြောင်း၊

အထွေထွေသော စစ်တပ်များကို၊ ဦးစီးခေါင်းဆောင်စီမံရန်အတွက်လေ့ကျင့်ပြီးဗိုလ်မှူးများ အလိုရှိပါသဖြင့် အင်္ဂလန်၊ ဂျာမနီ၊ ဂျပန် စသော တိုင်းပြည် များမှ တော်လှန်တော်ယာစစ်တပ် ဘွဲ့စည်းမည့်စည်းကမ်း နည်းလမ်းများနားလည်သူများကို မှားထား ခေါ်ယူရသည်ဖြစ်ပါကြောင်း၊ထို့ဖြင့်-ဂဠုန်စစ်တပ်အတွက်၊လေယာဉ်ပျံ

တစင်းနှင့် ရေယာဉ်ပျံ တစင်းဝယ်ယူ၍၊ ကျွန်ုပ်တပ်ဗိုလ်များအား-လေယာဉ်ပျံ မောင်းနှင်ခွင့်လိုင်စင် ရစေရန် လေ့ကျင့်သင်ကြားပို့လျှက်၊ ကျွန်ုပ်တို့ ကြံရွယ်ပါကြောင်း။

တိုင်းသူပြည်သား-ညီအစ်ကိုများတို့၊ ထွက်ခဲ့ကြတုန်း လော့ပေးကြည်းသော စိတ်ထားဖြင့်၊ ကျွန်ုပ်တို့နှင့်တွဲဘက် ဆောင်ရွက်ရန်ပြင်ဆင်ကြကုန်လော့



ကျွန်ုပ်စစ်သူကြီး။

ကျွန်ုပ်တပ်ဗဟိုရုံးဌာနချုပ်၊
၁၇၄-ကသာလာဘတ်လမ်း၊ ရန်ကုန်၊